ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

<u>အမိန့်ကြော်ငြာစာအမှတ် (၈၉/ ၂၀၁၅)</u>

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ(၅၄)ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ( ၁၅ / ၂၀၁၅ ) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်စိမ်းအချောထည်များ၊ ပလွမ်(Albite)နှင့် သလင်းကျောက် (Quartzite)၊ အင်ကြင်းကျောက်(Petrified Wood)၊ ပယင်းကျောက်(Amber)တို့ဖြင့် ပြုလုပ်ထားသော အချောထည်များကို နယ်စပ်ကုန်သွယ်ရေး(Border Trade)ဖြင့် ရောင်းချနိုင်ရေးအတွက် မြစ်ကြီးနားမြို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (One Stop Service Centre) ဖွင့်လှစ်ထားရှိပြီး သတ်မှတ်ထားသော အခွန်ငွေကိုပေးဆောင်ပြီးပါကတန်ပိုက်တီးမြို့သို့သယ်ယူပို့ဆောင်ခြင်း၊လက်ဝယ်ထားရှိခြင်း၊ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ဆောင်ရွက်ခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်အောင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၀ ခွဲ (၅) ၁၅ (၉၀၆၆)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး(                    )
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ဤဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာန/လုပ်ငန်းအားလုံး

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်<br>မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

ဌေးအောင်
အမြဲတမ်းအတွင်းဝန်
သတ္တုတွင်းဝန်ကြီးဌာန